KACHIN WOMEN'S ASSOCIATION THAILAND
P.O.BOX 415, CHIANG MAI 50000, THAILAND

ရက်စွဲ။ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်။

**ကချင်အမျိုးသမီး အစည်းအရုံး-ထိုင်းနိုင်ငံ (KWAT) သတင်းထုတ်ပြန်ချက်။**

KWAT အစီရင်ခံစာသစ်- မြန်မာနိုင်ငံမြောက်ပိုင်းရှိ စစ်တပ်မုဒိမ်းကျင့်မှုကို အားပေးအားမြောက်ပြုနေသည့် ပြစ်ဒဏ်ကင်းလွတ်နေသော အခြေအနေများ

ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ) မှ အသစ်ထုတ်ပြန်လိုက်သော "ချုပ်နှောင်ခံရသည့်တရားမျှတမှု" အစီရင်ခံစာသည် လွန်ခဲ့သည့် ၅ လတာ ကာလအတွင်း မြန်မာနိုင်ငံ မြောက်ပိုင်းဒေသရှိ စစ်အစိုးရတပ်မှ အရပ်သားပြည်သူများအပေါ် ဆက်လက်ကျူးလွန်နေသော လက်နက်ကြီးပစ်ခတ်မှုများ၊ သေနတ်ပစ်ခတ်မှုများ၊ မတရားဖမ်းဆီးမှုများနှင့် ညှဉ်းပန်းနှိပ်စက်မှုများကို မှတ်တမ်းတင်ထားခြင်းဖြစ်ပြီး ပြစ်ဒဏ်ကင်းလွတ်နေသည့် အခြေအနေများသည် စစ်တပ်၏ မုဒိမ်းကျင့်မှုကိုမည်သို့ အားပေးအားမြောက်ပြုနေကြောင်း ဖော်ထုတ်တင်ပြထားသည်။

KWAT ၏အသေးစိတ် လေ့လာဆန်းစစ်မှုနှင့် မြေပုံများသည် ခုံခံတိုက်ခိုက်မှုများအတွက် လက်တုံ့ပြန်သည့်အနေဖြင့် စစ်အစိုးရတပ်များ၏ စုပေါင်းပြစ်ဒဏ်ပေးမှုကို အရပ်သားများအနေဖြင့် ရည်ရွယ်ချက်ရှိရှိ မည်သို့ ပစ်မှတ်ထားခံနေရသည်ကို ပြသနေသည်။ ၂၀၂၁ ခုနှစ် ဇွန်လနှင့် အောက်တိုဘာလအတွင်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင်အတွင်းတွင် မြန်မာစစ်တပ်၏ လက်နက်ကြီးပစ်ခတ်မှုနှင့် သေနတ်ပစ်ခတ်မှုကြောင့် အရပ်သား ၁၂ ဦး သေဆုံးကာ ၃၀ ဦး ဒဏ်ရာရရှိခဲ့သည်။ ထိုထိခိုက်သေဆုံးမှုများထဲတွင် အမျိုးသမီးဦးရေမှာ တဝက်ပါဝင်သည်။

KWAT သည် လွန်ခဲ့သည့် ၅ လအတွင်း လူပေါင်း ၇၇ ဦး မတရားဖမ်းဆီးခံရမှုကို မှတ်တမ်းတင်ခဲ့သည်။ ဖားကန့်တွင် ညအချိန် စစ်သားများရှေ့အတင်းအဓမ္မ လမ်းလျှောက်ခိုင်းစေခဲ့ရာ မြေမြှုပ်မိုင်းနင်းမိခြင်းကြောင့် ဒဏ်ရာရခဲ့သည့် လယ်သမား နှစ်ဦးအပါအဝင် အချို့မှာ လူသားဒိုင်းနှင့် မိုင်းရှင်းလင်းသူများအဖြစ် အသုံးပြုခံရခြင်းနှင့် သေဆုံးသည်အထိ ပြင်းထန်ဆိုးဝါးသည့် ညှဉ်းပန်းနှိပ်စက်မှုများကို ခံခဲ့ကြရသည်။

မကြာသေးမီက ဖြစ်ပွားခဲ့သည့် မုဒိမ်းမှုနှစ်ခုကို လေ့လာဆန်းစစ်ချက်အရ ကျူးလွန်သူမြန်မာစစ်သားများသည်၎င်းတို့၏ စခန်းအနီး နေ့ခင်းကြောင်တောင် ပြစ်မှုကျူးလွန်ခဲ့မှုများကို

ကြည့်ခြင်းအားဖြင့် ၎င်းတို့သည် အပြစ်ပေးခံရခြင်းမှ ကင်းလွတ်မည်ကို ယုံကြည်နေကြောင်း ရှင်းရှင်းလင်းလင်း ဖော်ပြနေသည်။ ပြီးခဲ့သည့် ဇူလိုင်လအတွင်း တပ်မ ၈၈ မှ စစ်သား ၃ ဦးသည် အသက် ၅၈ နှစ်အရွယ် အမျိုးသမီးတဦးအား မုဒိမ်းကျင့်သတ်ဖြတ်မှုအကြောင်း နိုင်ငံပိုင်သတင်း၌ ရေးသားဖော်ပြရာတွင် မုဒိမ်းမှုအကြောင်း တစုံတရာ မပါရှိသည့်အပြင် စစ်သားများနှင့် "ငြင်းခုန်စကားများ"ခြင်းကြောင့်သာ လူသတ်မှုကျူးလွန်ခဲ့ရသည့်ပုံစံဖြင့် ကျူးလွန်ခံရသူကိုပင် ပြန်လည်အပြစ်တင်ရေးသာဖော်ပြချက်ကို ကြည့်ခြင်းအားဖြင့် ကျူးလွန်သူ မြန်မာစစ်သားများအား အကာအကွယ် အမြင့်ဆုံးအဆင့်ထိ ဆက်လက်ပေးနေဆဲဖြစ်သည်မှာ စိုးရိမ်ဖွယ် ပြသနေသည်။

စစ်အာဏာသိမ်းပြီးချိန်မှစ၍ ကချင်ပြည်နယ်နှင့် မူဆယ်ခရိုင်အတွင်းတွင် ပဋိပက္ခပြင်းထန်လာခြင်းနှင့် မြန်မာစစ်တပ် တပ်ဖွဲ့ဝင်များ၏ အရပ်သားပြည်သူများအပေါ် ပစ်မှတ်ထားတိုက်ခိုက်ခြင်းများသည် ရွာသူရွာသား ၁၄,၀၀၀ ကျော် အိုးအိမ်မဲ့ဖြစ်စေခဲ့ပြီး ရှိရင်းစွဲ စစ်ဘေးရှောင်ဒုက္ခသည်ဦး ရေနှင့် ပေါင်းလိုက်လျှင် စုစုပေါင်း ၁၀၀,၀၀၀ ကျော်ထိ တိုးမြင့်စေခဲ့သည်။ တရုတ်အာဏာပိုင်များ၏ လုံခြုံရေးမြင့်မားသော နယ်စပ်စည်းရိုးများ အသစ်ထပ်မံလုပ်ထားခြင်းကြောင့် တရုတ်နယ်စပ်ကို ထွက်ပြေးတိမ်းရှောင်၍မရသော မူဆယ်ရှိ စစ်ဘေးရှောင်ဒုက္ခသည်အသစ်များထံသို့ စားနပ်ရိက္ခာ ထောက်ပံ့ပို့ဆောင်ခြင်းကိုလည်း စစ်အစိုးရမှ တားမြစ်ထားသည်။

ထို့ကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံအတွင်း ဆယ်စုနှစ်ပေါင်းများစွာဖြစ်ပွားနေသော ပြည်တွင်းစစ်ကို ချုပ်ငြိမ်းစေမည့် ဖက်ဒရယ်ဒီမိုကရက်တစ် အခြေခံဥပဒေသစ်တစ်ရပ် ပေါ်ပေါက်လာစေရေးအတွက် မြန်မာစစ်တပ်မှ တနိုင်ငံလုံးရှိ ၎င်း၏ တပ်များအားလုံးကို ဆုတ်ခွာရန်နှင့် အာဏာချုပ်ကိုင်ထားမှုမှ အဆုံးသတ်ရန် မြန်မာစစ်တပ်အပေါ် ထိရောက်သော ဖိအားပေးမှုများလုပ်ဆောင်ရန် KWAT မှ ထပ်မံတောင်းဆိုသည်။

နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် စစ်အစိုးရနှင့်ပတ်သက်သော သံတမန်ရေးရာများ၊ စီးပွားရေးနှင့် စစ်ရေးဆိုင်ရာ ပံ့ပိုးထောက်ပံ့မှုအားလုံးကို ဖြတ်တောက်ရန်နှင့် စစ်တပ်၏ လက်နက်ဝယ်ယူမှုအတွက်ကြီးမားသော ဘဏ္ဍာငွေများ ပေးဆောင်နေသည့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအပေါ် စီးပွားရေး ပိတ်ဆို့အရေးယူမှုများပြုလုပ်ရန် ကျွန်ုပ်တို့ တိုက်တွန်းပါသည်။ ထို့ပြင် မြန်မာနိုင်ငံမြောက်ပိုင်းရှိ စစ်ဘေးရှောင်များအတွက် နယ်စပ်ဖြတ်ကျော် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို တိုးမြင့်ထောက်ပံ့ပေးရန်လည်းကျွန်ုပ်တို့မှ အရေးတကြီးတောင်းဆိုပါသည်။

ပိုမိုသိရှိလိုပါက -

မွန်းနေလီ (+ ၆၆ ၈၅၅၂၃၃၇၉၁)

ဆန်ထွယ် (+၉၅ ၉၇၆၁၁၁၃၅၅၈)

အစီရင်ခံစာကို အပြည့်အစုံဒေါင်းလုဒ်လိုပါက https://kachinwomen.com/1474-2/